# ကူမင်းတွင် ၂၀၁၇တောင်အာရှအရှေ့တောင်အာရှနိုင်ငံကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုစေ့စပ်ဆွေးနွေးပွဲကို ဖွင့်လှစ်ကျင်းပခဲ့




၂၀၁၇ခုနှစ် ရင်းနှီးမြှုပ်နှံမှုစေ့စပ်ဆွေးနွေးပွဲ(အောက်တွင်စေ့စပ်ဆွေးနွေးပွဲကို အတိုကောက်ဟုခေါ်ဝေါ်ပါသည်။)၏ ခေါင်းစဉ်သည် "အခွင့်အရေးအသစ်ကို အတူတည်ထောင်၊ ဖွံ့ဖြိုးတိုးတက်မှုအသစ်ကို အတူရှာဖွေ"ခြင်းဖြစ်သည်။ တောင်အာရှ အရှေ့တောင်အာရှနိုင်ငံကုန်စည်ပြသခြင်း၊ တရုတ်နိုင်ငံနှင့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံ ရင်းနှီးမြှုပ်နှံကုန်သွယ်ညှိနှိုင်းမှုကို တွန်းဆော်ခြင်းကို အဓိကထားပြီး တိုက်ကြီး(၅)တိုက်နိုင်ငံနှင့်ဒေသအသီးသီးကို ကျယ်ပြန့်စွာဖြာထွက်အကျိုးပြုပြီး တရုတ်နိုင်ငံအား တောင်အာရှ၊ အရှေ့တောင်အာရှနှင့် ကမ္ဘာ့နိုင်ငံ၊ ဒေသအသီးသီးတို့အကြား ပေါ်လစီဆက်ဆံရေး၊ အခြေခံအဆောက်အအုံချိတ်ဆက်ရေး၊ ကုန်သွယ်မှုဖြောင့်ဖြူးအဆင်ပြေရေး၊ ငွေကြေးရောစပ်ရေး၊ ပြည်သူစိတ်ချင်းချိတ်ဆက်ရေးက ပိုမိုနက်ရှိုင်းအောင် အစွမ်းကုန်လုပ်ဆောင်မည်ဖြစ်သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"လမ်းကြောင်းတစ်လျှောက် နိုင်ငံနှင့်ဒေသအကြား အတူတကွညှိနှိုင်း၊ ဆောက်လုပ်၊ ခံစားကြစေရန်ကြိုးစားတွန်းလုပ်သွားမည်ဖြစ်သည်။

မိတ်ဆက်ခြင်းမှသိရသည်မှာ-ယခုအကြိမ်ပြပွဲသည် တိကျသောခေါင်းစဉ်၊ ထူးခြားသောပြသမှု၊ ကြီးမားသောအချိုးအစား၊ ပြည့်ဝသော အစီအစဉ်များနှင့် ပြည့်စုံကြောင်း သိရပါသည်။

၂၀၁၇ခုနှစ်စေ့စပ်ဆွေးနွေးပွဲသည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေး၏ ရည်ရွယ်ချက်ကို ဝိုင်းရံပြီးဝန်ဆောင်မှုပေးနေသည်။ ကုန်စည်ပြသ၊ ကုန်သွယ်ညှိနှိုင်းနှင့် အပြန်အလှန်စကားပြော ပူးပေါင်းဆောင်ရွက်မှုဖိုရမ်စသည့် လမ်းကြောင်းများဖြင့် ငြိမ်းချမ်းသောလမ်း၊ စည်ကားသောလမ်း၊ ဖွင့်လှစ်သောလမ်း၊ ဆန်းသစ်သောလမ်း၊ ယဉ်ကျေးသောလမ်း ဆောက်လုပ်ရေးအတွက်အထောက်အကူဖြစ်အောင်ကြိုးစားတွန်းလုပ်ထားပါသည်။ "ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု"လမ်းတစ်လျှောက် နိုင်ငံနှင့် ဒေသပေါင်း(၃၃)ခု၊ ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း (၈၆)ခုတို့သည် ယခုအကြိမ်ပြပွဲတွင် ပါဝင်ပြသခဲ့သည်။

ယခုအကြိမ် စေ့စပ်ဆွေးနွေးပွဲတွင် ပြသတိုက်(၁၇)ခု (ဖွင့်ပွဲခန်းမအပါအဝင်)ရှိပြီး စံပြစံနှုန်းပြခန်း (၈၀၀၀)ရှိသည်။ ပြသသောမျက်နှာပြင်မှာ စတုရန်းမီတာ(၁. ၇)သိန်းရှိသည်။ ပြတိုက်ခန်းမများမှာ ဖွင့်ပွဲခန်းမ၊ တောင်အာရှပြတိုက်၊ တောင်အာရှနှင့် ပြည်ပပြတိုက်၊ အာဆီယံပြတိုက်၊ ခရီးသွားပြတိုက်၊ ကျန်းမာရေးနှင့် ပင်လယ်သတ္တဝါဆေးဝါးထုတ်လုပ်မှုပြတိုက်၊ ထုတ်လုပ်မှုလုပ်ငန်းပြတိုက်၊ နိုင်ငံတကာကုန်ထုတ်လုပ် စွမ်းအင်ပူးပေါင်း ဆောင်ရွက်မှုပြတိုက်၊ နိုင်ငံတကာချစ်ကြည်ရေးမြို့ပြတိုက်၊ ထိုင်ဝမ်ပြတိုက်၊ ပြည်တွင်းပြတိုက်၊ ကုန်းမြင့်ထူးခြားချက်စိုက်ပျိုးရေးပြတိုက်၊ စက်ပစ္စည်းပြတိုက်၊ ကျောက်ပန်းပုနှင့် အထွေထွေပြတိုက်၊ သစ်သားယဉ်ကျေးမှုပြတိုက်စသည့် ခေါင်းစဉ်ပြတိုက်များပါဝင်သည်။ ထို့ပြင် ၂၀၁၇စေ့စပ်ဆွေးနွေးပွဲ၏ အဓိကပြသနိုင်ငံ ပါကစ္စတန်၊ အဓိကဧည့်သည်နိုင်ငံ လာအိုနိုင်ငံအတွက် အထူးပြသဇုန်တည်ထားပါသည်။ အထူးခေါင်းစဉ်ပြတိုက်အချိုးအစားမှာ (၅၀%)ရှိပြီး ပြသပြတိုက်အထူးပြင်ဆင်ပြသခြင်းမှာ (၆၀%)ကျော်ရှိသည်။ ယင်းအတွင်းယခုအကြိမ် အဓိကပြသနိုင်ငံ ပါကစ္စတန်ပုံရိပ်ပြဇုန်၊ အဓိကဧည့်သည်နိုင်ငံ လာအိုပုံရိပ်ပြဇုန်၊ တောင်အာရှပြတိုက်၊ အာဆီယံပြတိုက်၊ နိုင်ငံတကာ ချစ်ကြည်ရေးမြို့ပြတိုက် စသည်တို့သည် ထူးခြားလေးနက်သော နိုင်ငံ၏ သီးခြားတိုင်းရင်းသားပုံရိပ်များကို သိသာထင်ရှားစွာပြသနိုင်ခဲ့သည်။

ယခုအကြိမ် စေ့စပ်ဆွေးနွေးပွဲတွင် စုစုပေါင်းလုပ်ငန်း (၄၀၀၀)ကျော်မှာ ပြသရန်သေချာခဲ့ရာ ပြည်ပလုပ်ငန်းအချိုးအစားမှာ(၄၁. ၂%)ရှိသည်။ ယင်းအတွင်းတောင်အာရှ(၈)နိုင်ငံ၊ အာဆီယံ(၁၁)နိုင်ငံနှင့် ပြည်တွင်းပြည်နယ် (ဇုန်၊ မြို့) (၂၀)ခုတို့မှ ပါဝင်ပြသခဲ့သည်။ ကမ္ဘာ့လုပ်ငန်းကြီး(၅၀၀)ခု အနက်(၇)ခု၊ ပြည်တွင်းလုပ်ငန်းကြီး(၅၀၀)အနက်(၁၀)ခု၊ ပြည်တွင်းပြည်ပနာမည်ကြီးလုပ်ငန်း(၃၅)ခုလည်းပါဝင်ပြသခဲ့သည်။ ထို့အတူ ပြည်တွင်းပြည်ပမှ ရောက်ရှိလာကြသော ဝန်ထမ်းအရာရှိများ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်း ကိုယ်စားလှယ်များလည်း ပွဲတော်ကာလအတွင်း သက်ဆိုင်ရာအစီအစဉ်များကို ပါဝင်တက်ရောက်ခဲ့သည်။

သတင်းထောက် - စူးဝိမ်၊ ရှုံးရန့်

# ကူမင်းတွင် (၅)ကြိမ်မြောက် တရုတ်-တောင်အာရှအရှေ့တောင်အာရှThink Tankဖိုရမ်ကျင်းပ

ဇွန်လ(၁၂)ရက်နေ့ ကူမင်းတွင် အချိန်(၂)ရက်ကြာသော(၅)ကြိမ်မြောက် တရုတ်-တောင်အာရှအရှေ့တောင်အာရှ Think Tankဖိုရမ်ဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့ရာ ယူနန်ပြည်နယ် ဒုတိယပြည်နယ်မှူးကောင်းဖုန်းမှ ဖိုရမ်သို့တက်ရောက်ခဲ့သည်။ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်စသည့် နိုင်ငံများ၏ ယခင်အရာရှိများမှ ပင်မခေါင်းစဉ်ဖြင့် မိန့်ခွန်းများပြောကြားခဲ့သည်။

ယခုအကြိမ်ဖိုရမ်သည် အခွင့်အလမ်းသစ်၊ အတွေးအခေါ်သစ်၊ လုပ်ဆောင်မှုသစ် —"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"နောက်ခံအောက်မှ တရုတ်နိုင်ငံနှင့် တောင်အာရှအရှေ့တောင်အာရှနိုင်ငံများအကြား စစ်မှန်သောပူးပေါင်းဆောင်ရွက်မှုဖြင့် ခေါင်းစဉ်ပြုခဲ့သည်။ ဖိုရမ်တွင် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံန်ဆောက်လုပ်ရေး၊ တရုတ်-အင်ဒိုချိုင်းနားစီးပွားရေးစင်္ကြံန်ဆောက်လုပ်ရေး၊ နိုင်ငံတကာထုတ်လုပ်ရေးနယ်ပယ်ခွဲ ပူးပေါင်းဆောင်ရွက်ရေး၊ လန်ချမ်းမြစ်-မဲခေါင်မြစ်ပူးပေါင်းဆောင်ရွက်ရေး၊ လူမှုရေးဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာစွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး၊ ယူနန်နှင့်ဘေးပတ်ဝန်းကျင်နိုင်ငံ နယ်ခြားတိုင်းရင်းသားစီးပွားရေး လူမှုရေးယဉ်ကျေးမှုစသည့် အကြောင်းအရာကြီး(၆)ရပ်ကို ဝိုင်းရံဆွေးနွေးဖလှယ်ထားသည်။




တရုတ်-တောင်အာရှအရှေ့တောင်အာရှThink Tankဖိုရမ်သည် (၄)ကြိမ်ကျင်းပခဲ့ရာ အောင်မြင်မှုရလဒ်များစွာရရှိခဲ့ပြီး တက်ကြွသောထိရောက်မှုများလည်း ဖြစ်ပေါ်စေခဲ့သည်။ တရုတ်နှင့် တောင်အာရှ အရှေ့တောင်အာရှနိုင်ငံအကြား၏ အပြန်အလှန်ယုံကြည်မှုကို တိုးမြှင့်စေနိုင်ခဲ့ပြီး တရုတ်နှင့်တောင်အာရှ အရှေ့တောင်အာရှနိုင်ငံများ၏ အခြေခံအဆောက်အအုံချိတ်ဆက်မှု၊ ကုန်သွယ်ဖြောင့်ဖြူးမှု၊ ငွေကြေးစီးပွားရေးရောစပ်ချိတ်ဆက်မှု၊ ပေါ်လစီဆက်ဆံမှုနှင့်ပြည်သူစိတ်ချင်းချိတ်ဆက်မှုကို တွန်းလုပ်ပေးခဲ့သည်။ တရုတ်နှင့် တောင်အာရှအရှေ့တောင်အာရှနိုင်ငံ Think Tank-အတွင်း ပိုမိုရင်းနှီးသောပူးပေါင်းဆောင်ရွက်မှုနှင့်ဖလှယ်မှုကိုလည်း တွန်းလုပ်ပေးနိုင်ခဲ့သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"အဆိုပြုချက်၏အရေးပါဖွဲ့စည်းမှုအပိုင်းမှာ တောင်အာရှအရှေ့တောင်အာရှနိုင်ငံဖြစ်သည်။ ယူနန်တွင်လည်း တောင်အာရှအရှေ့တောင်အာရှနိုင်ငံများနှင့် နီးကပ်စွာချိတ်ဆက်သောစီးပွားရေးစင်္ကြံန်လမ်းများစွာ ရှိနေသည်။ အဖက်ဖက်၏ ကြိုးစားမှုကြောင့် အဆိုပါ စင်္ကြံန်လမ်းများ၏ ဆောက်လုပ်ရေးသည် ယခုသိသာသော တိုးတက်မှုများရရှိနေပါသည်။

အထူးသဖြင့်၂၀၁၅ခုနှစ် စက်တင်ဘာလ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရသည် ယူနန်ပြည်နယ်လူမှုရေးသိပ္ပံ အကယ်ဒမီကိုမှီပြီး တရုတ်(ကူမင်း)တောင်အာရှအရှေ့တောင်အာရှအထွေထွေရေးရာ သုတေသနဌာနကို တည်ထောင်ခဲ့သည်။ ယခုသုတေသနဌာနကို တရုတ်နိုင်ငံအဆင့်မြင့် Think Tankအဖြစ် ကြိုးစားလုပ်ဆောင်နေလျက်ရှိပြီး တောင်အာရှအရှေ့တောင်အာရှနိုင်ငံနှင့် အခြားနိုင်ငံ Think Tank အတွင်း ပိုမိုသိရှိယုံကြည်ရေးတိုးမြှင့်ရန်အတွက် ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးချဲ့နေသည်။ နယ်ပယ်အကျိုးတူ အောင်မြင်ပူးပေါင်းဆောင်ရွက်ရေးကို နက်ရှိုင်းရန်တက်ကြွလုပ်ဆောင်ခြင်း၊ အတူဖွံ့ဖြိုးတိုးတက်မှုဖြစ်မြောက်ရန်တန်ဖိုးရှိသော ဉာဏ်ပညာရလဒ်များကို ထောက်ပံ့ပေးမည်ဖြစ်သည်။ ၂၀၁၇ခုနှစ်မှစပြီး "တရုတ်-တောင်အာရှ Think Tankဖိုရမ်"ကို "တရုတ်-တောင်အာရှအရှေ့တောင်အာရှThink Tank ဖိုရမ်"အဖြစ်အမည်ပြောင်းလိုက်ခြင်းဖြင့် အဆိုပါဖိုရမ်၏ ထိရောက်မှုအားကို ထပ်မံမြှင့်တင်ရန်ဆုံးဖြတ်ခဲ့သည်။

ယူနန်ပြည်နယ်ပြည်သူ့အစိုးရ၊ တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီမှ ဖိုရမ်ကိုကြီးမှူးကျင်းပသည်။ ယူနန်ပြည်နယ်လူမှုရေးသိပ္ပံအကယ်ဒမီ၊ တရုတ်(ကူမင်း)တောင်အာရှအရှေ့တောင်အာရှသုတေသနဌာန၊ တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီအာရှပစိဖိတ်နှင့် ကမ္ဘာ့မဟာဗျူဟာသုတေသနဌာန၊ ယူနန်ပြည်နယ်ပြည်ပဆက်ဆံရေးယဉ်ကျေးမှုဖလှယ်ရေးအဖွဲ့စသည့်ဌာနများမှ ထောက်ကူကျင်းပသည်။

နိုင်ငံနှင့်နိုင်ငံတကာအဖွဲ့အစည်း(၁၄)ခုမှ ပညာရှင်(၃၀၀)ဦး ပါဝင်တက်ရောက်ခဲ့သည်။ ဖိုရမ်သို့ အိန္ဒိယနိုင်ငံတရုတ်ရေးရာသုတေသနစခန်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပေါ်လစီအပြန်အလှန်ဖလှယ်ရေးစင်တာ၊ ပါကစ္စတန်နိုင်ငံ တရုတ်ရေးရာသုတေသနစခန်း၊ အိန္ဒိယ Marendranath Dateရန်ပုံငွေအဖွဲ့၊ သီရိလင်္ကာပေါ်လစီ သုတေသနစခန်း၊ အိန္ဒိယလေ့လာရေးသမားရန်ပုံငွေ(ORF) စသည့် တောင်အာရှနိုင်ငံတကာ နာမည်ကျော် Think Tankပညာရှင်များ တက်ရောက်ခဲ့ရာ ဖိုရမ်သို့ပါဝင်တက်ရောက်လူဦးရေအများဆုံးအကြိမ်ဖြစ်ပါသည်။

သတင်းထောက် -လီဟုန်ဖုန်း

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက်ကို ဝင်ရောက်ပါ။
english.yunnan.cn